# မြန်အောင်မြို့နယ် ၊ အင်းဝတောင်ကျေးရွာ

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်( VDP )
# ( ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်ထိ)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
အင်းဝတောင်ကျေးရွာ ၊ မြန်အောင်မြို့နယ်
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲပါသည်။

ရက်စွဲ ၊ ၂၀၂၃ ခုနှစ် ၊ ဇူလိုင်လ ရက်

| စဉ် | အကြောင်းအရာ | စာမျက်နှာ (မှ-ထိ) |
|---|---|---|
| | စကားချီး | ၆ |
| | အင်းဝတောင်ကျေးရွာသယံဇာတပြမြေပုံ ၊ မြန်အောင်မြို့နယ် | ၈ |
| | အင်းဝတောင်ကျေးရွာရာသီခွင်ပြ ပြက္ခဒိန် ၊ မြန်အောင်မြို့နယ် | ၉ |
| | အင်းဝတောင်ကျေးရွာ အဖွဲ့အစည်းချိတ်ဆက်ပြပုံ ၊ မြန်အောင်မြို့နယ် | ၁၀ |
| | အင်းဝတောင်ကျေးရွာဥစ္စာခနေအဆင့် သတ်မှတ်ချက် | ၁၁ |
| ၁။ | နိဒါန်း | ၁၂ |
| | (က) ရည်ရွယ်ချက် | ၁၂ |
| ၂။ | ကျေးရွာ၏တည်နေရာ၊ပထဝီဝင် အနေအထားနှင့်သဘာဝအရင်းအမြစ်များ | ၁၂ |
| | (က) တည်နေရာ နှင့် ပထဝီဝင်အနေအထား | ၁၂ |
| | (ခ) ရာသီဥတု နှင့် သဘာဝအရင်းအမြစ်များ | ၁၃ |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၁၃ |
| | (က) လူဦးရေဆိုင်ရာ အချက်အလက်များ | ၁၃ |
| | (ခ) စီးပွားရေးအခြေအနေ ၊ ဝင်ငွေ ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | ၁၃ |
| | (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု | ၁၃ |
| | (ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ | ၁၄ |
| | (င) ကျန်းမာရေးနှင့်အာဟာရ | ၁၅ |
| | (စ) ကျားမဆိုင်ရာ ဆက်နွယ်မှု | ၁၅ |
| ၄။ | ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ | ၁၅ |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် | ၁၅ |
| | (ခ ) သီးနှံသားငါးထုတ်လုပ်ရေးကဏ္ဍ | ၁၆ |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | ၁၆ |
| | (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု | ၁၇ |
| | (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၁၇ |
| | (စ) ပညာရေး ၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | ၁၈ |
| | (ဆ) လူငယ်နှင့် ယဉ်ကျေးမှု | ၁၈ |
| | (ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမီမှု ၊ လမ်းတံတား၊ လျှပ်စစ်စွမ်းအား ၊ သတင်းနှင့် ဆက်သွယ်ရေး | ၁၈ |

| | | |
|---|---|---|
| | (ဈ) တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး | ၁၉ |
| ၅။ | ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ | ၁၉ |
| | (က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ | ၁၉ |
| | (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု | ၂၀ |
| ၆။ | ပန်းတိုင်နှင့်မဟာဗျူဟာ | ၂၀ |
| | (က) ဖွံ့ဖြိုးရေးပန်းတိုင် | ၂၀ |
| | (ခ) အကောင်အထည်ဖော်နည်းဗျူဟာ | ၂၁ |
| ၇။ | ကျေးရွာစီမံကိန်းဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်ရာတွင်မြို့နယ်နှင့် | ၂၂ |
| | အထက်အဆင့်မှကူညီဖြေရှင်းရမည့်ကိစ္စများ | |
| | (က) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းနှင့်ပုံမှန်စစ်ဆေးခြင်း | ၂၂ |
| | (ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး | ၂၃ |
| | (ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးခြင်း | ၂၃ |
| ၈။ | စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ | ၂၃ |
| | (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် | ၂၃ |
| | (ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံချက်ကိုအုပ်စုခွဲခြားခြင်း | ၂၄ |
| ၉။ | နှစ်အလိုက် ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ | ၂၄ |
| | (က) ဦးစားပေးစီမံချက်များ | ၂၄ |
| | (ခ ) အကောင်အထည်ဖော်မည့် အချိန်ကာလ | ၂၅ |
| ၁၀။ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ | ၂၆ |
| | (က) ဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း | ၂၆ |
| | (ခ ) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် | ၂၇ |
| | နောက်ဆက်တွဲ(၂) | ၂၉ |
| | ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | ၂၉ |
| | (၁)လူမှုစီးပွားရေး အခြေအနေ | ၂၉ |
| | ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ | ၂၉ |
| | ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရ လုပ်ငန်းအမျိုးအစား | ၃၀ |
| | ဇယား(၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား | ၃၀ |

| | | |
|---|---|---|
| | ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု | ၃၆ |
| | ဇယား(၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ | ၃၇ |
| | ဇယား(၆) ဥစ္စာဓနအဆင့် အခြေအနေ | ၃၈ |
| | ဇယား(၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင်အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ | ၃၉ |
| | ဇယား(၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ | ၄၁ |
| | ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ | ၄၁ |
| | ဇယား(၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ၄၃ |
| | ဇယား(၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ | ၄၅ |
| | ဇယား(၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ | ၄၉ |
| | ဇယား(၁၃) ကျေးရွာရှိ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု | ၅၀ |
| | ဇယား(၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ | ၅၁ |
| | ဇယား(၁၅) အဓိကသီးနှံများနှင့် အထက်နှုန်း | ၅၃ |
| | ဇယား(၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု | ၅၃ |
| | ဇယား(၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ | ၅၄ |
| | ဇယား(၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ | ၅၆ |
| | ဇယား(၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ | ၅၉ |
| | ဇယား(၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ | ၆၀ |
| | ဇယား(၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ | ၆၂ |
| | ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ | ၆၃ |
| | ဇယား(၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများအတွက် ပြဿနာနှင့် အခက်အခဲများ | ၆၆ |
| | ဇယား(၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့်အချိန်ကာလ | ၆၉ |
| | ဇယား(၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်း | ၇၀ |
| | ဇယား(၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ | ၇၁ |
| | ဇယား(၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ | ၇၁ |
| | ဇယား(၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း | ၇၃ |
| | ဇယား(၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ | ၇၆ |
| | ဇယား(၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း | ၇၇ |

| | | |
|---|---|---|
| | ဇယား(၃၁) ကျောင်းတက်နှုန်း | ၇၈ |
| | ဇယား(၃၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ | ၇၉ |
| | ဇယား(၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ | ၈၀ |
| | ဇယား(၃၄) အဖြစ်များသော ရောဂါများ | ၈၀ |
| | ဇယား(၃၅) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု | ၈၁ |
| | ဇယား(၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ | ၈၂ |
| | ဇယား(၃၇) သောက်သုံးရေ ရရှိနိုင်မှု | ၈၃ |
| | ဇယား(၃၈) အိမ်သာအမျိုးအစား | ၈၅ |
| | ဇယား(၃၉) ကျား – မရေးရာ | ၈၅ |
| | ဇယား(၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ | ၈၆ |
| | ဇယား(၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ | ၈၈ |
| | ဇယား(၄၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး | ၈၉ |
| | ဇယား(၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ | ၉၀ |
| | ဇယား(၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ | ၉၀ |
| | ဇယား(၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေအနေ | ၉၁ |
| | ဇယား(၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ | ၉၂ |
| | ဇယား(၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အတူများအား လက်လှမ်းမီမှု | ၉၃ |
| | ဇယား(၄၈) မှုခင်းဖြစ်ပွားမှုအခြေအနေ | ၉၄ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၃/၂၀၂၄ ဘဏ္ဍာရေးနှစ်မှ ၂၀၂၈/၂၀၂၉ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက် အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ် ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်

သွားရပါမည်။ ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြ ထားပါသည်။

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**အင်းဝတောင်ကျေးရွာ**

**မြန်အောင်မြို့နယ်**

**ဇူလိုင်လ၊ ၂၀၂၃**

# အင်းဝတောင်ကျေးရွာ၊ သယံဇာတပြမြေပုံ မြန်အောင်မြို့နယ်



ရက်စွဲ- ၄.၇.၂၀၂၃

ရေးဆွဲသူ -ဦးအောင်ဇော်ဇော်

## အင်း၀တောင်ကျေးရွာ ရာသီခွင်ပြပြက္ခဒိန်၊ မြန်အောင်မြို့နယ်



ရက်စွဲ- ၄.၇.၂၀၂၃ ရေးဆွဲသူ -ဦးအောင်ဇော်ဇော်

**အင်းဝတောင်ကျေးရွာ ရွာတွင်း ရွာပြင် ဆက်သွယ်ဆောင်ရွက်နေသော အဖွဲ့အစည်းများ၊ မြန်အောင်မြို့နယ်**



**ရက်စွဲ- ၄.၇.၂၀၂၃** **ရေးဆွဲသူ -ဦးကျော်မိုးထက်**

**အင်းဝတောင်ကျေးရွာ ဥစ္စာစေ့အဆင့် သတ်မှတ်ခြင်း မြန်အောင်မြို့နယ်**

အင်းဝတောင်ကျေးရွာ၊ ဥစ္စာစေ့ အဆင့်သတ်မှတ်ချက်

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင့်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀ ဧကနှင့်အထက် | ၁၀ ဧက အောက် | ၅ ဧက အောက် | မရှိ |
| အိမ်အခြေအနေ | တိုက်အိမ် | သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း၊ ပျဉ်ကာ. | သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ ဝါးအိမ် | တဲအိမ်၊ ဝါးခင်း၊ ဝါးတိုင်အိမ် |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | ကား၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ လက်တွန်း ထွန်စက် | ဆိုင်ကယ်၊ ထော်လာဂျီ၊ လက်တွန်းထွန်စက် | ဆိုင်ကယ်၊ လက်တွန်း ထွန်စက် | စက်ဘီး |
| အဓိကစီးပွားရေး လုပ်ငန်း | စပါး၊ ပဲ | ပဲ၊ ပြောင်း | စပါး၊ ဆိုင်ကယ်ကယ်ရီ၊ စားတွဲ | ကျပန်း |
| အိမ်ထောင်စု | ၂၀ | ၆၀ | ၃၅ | ၃၅ |

**ရက်စွဲ- ၄.၇.၂၀၂၃** **ရေးဆွဲသူ -ဦးကျော်မိုးထက်**

**နိဒါန်း**

၁။ ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြင်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးဖြစ်သော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့ အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ အား စီမံချက်များရေးဆွဲကာ ဒေသအခြေပြုဖွံ့ဖြိုးရေးလုပ်ငန်း များကို အကောင်အထည်ဖော် မည့် အစီအစဉ်ဖြစ်ကြောင်း သိရှိရပါသည်။

(က) ရည်ရွယ်ချက်

မိမိတို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကူအညီဖြင့် ကျေးရွာလူထုကိုယ်တိုင်ပါဝင်ရေးဆွဲခဲ့ပါသည်။ စီမံချက်ပါဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကိန်းဂဏန်း အချက်အလက်များပြုစုရန် အရေးကြီးကြောင်းနှင့် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ နည်းပညာများရရှိရန် လိုအပ်ကြောင်း သိရှိခဲ့ရပါသည်။ မိမိတို့၏စီမံချက်များအား (၅)နှစ်တာကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ချက်များကို ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့်အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းစသည်တို့၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့ကို စီမံချက်အစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိနိုင်စေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးရေးအတွက် ကဏ္ဍပေါင်းစုံမှ ပူးပေါင်းပါဝင်စေရေး ကြိုးစားဆောင်ရွက်သွားပါမည်။

**၂။ ကျေးရွာ၏တည်နေရာ၊ပထဝီဝင် အနေအထားနှင့်သဘာဝအရင်းအမြစ်များ**

**(က) တည်နေရာနှင့် ပထဝီဝင် အနေအထား**

**အင်းဝတောင်ကျေးရွာ**သည် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ မြန်အောင်မြို့နယ်၊ သပြေကုန်းကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် လန်ဒါဇီးတောကျေးရွာ၊ အနောက်ဘက်တွင် ကြို့ချောင်းကျေးရွာ၊ မြောက်ဘက်တွင် ဆပ်သွားဖူးကျွန်းကျေးရွာနှင့် တောင်ဘက်တွင် အင်္ဂပူမြို့နယ်(ရေလယ်ကျွန်း)ကျေးရွာတို့ တည်ရှိနေပါသည်။

## (ခ) ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

အင်းဝတောင်ကျေးရွာသည် နှစ်စဉ် မိုးရေချိန်လက်မ(၆၀)ခန့်ရရှိပြီး သဘာဝပေါက်ပင်များမှာ ကျွန်း၊ သစ်ရာ၊ ဝါးသရက်နှင့် ဘုမ္မရာဇာ စသည့် သဘာဝပေါက်ပင်များ အလေ့ကျပေါက်ရာဒေသလည်းဖြစ်ပါသည်။ ဆောင်းသီးနှံစိုက်ပျိုးသော ကိုင်းဧက (၁၂၀)ဧကနှင့် စပါးသီးနှံစိုက်ပျိုးသောဧက (၁၅) ဧက ရှိပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

## (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၃၀)စုနှင့် ကျား(၂၁၃)ဦး၊ မ(၂၂၆)ဦး၊ စုစုပေါင်းလူဦးရေ (၄၃၉)ဦးရှိပြီး တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၃)ဦးခန့်ရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၅)ဦးထက် လျော့နည်းပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများသာ နေထိုင်ကြပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အကူပြုနိုင်ပါမည်။

## (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အင်းဝတောင်ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ ယေဘုယျအားဖြင့် နိမ့်ကျပါသည်။ ဆင်းရဲချမ်းသာမှု အဆင့်သတ်မှတ်ရာတွင် အိမ်ထောင်စုအားလုံး၏ **(၁၅%)** ခန့်သာ ဥစ္စာနေပြည့်စုံကြပြီး **(၄၆%)**မှာ အသင့်အတင့်ချောင်လည်ကာ **(၂၇%)**မှာ ဆင်းရဲကြပြီး **(၁၂%)**မှာ အလွန်ဆင်းရဲအဆင့်များတွင် ရှိသော အိမ်ထောင်စုများ ဖြစ်ကြပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေမဲ့ယာမဲ့ အိမ်ထောင်စု အရေအတွက်မှာ သုံးပုံနှစ်ပုံခန့် ရှိသော်လည်း ရာသီအလိုက်စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကဝင်ရောက်လုပ်ကိုင်ကြပြီး ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီဈေးရောင်း၊ ခေါင်းရွက် ဗျက်ထိုး လုပ်ငန်းစသည်တို့တွင်လည်း လုပ်ကိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲ နှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများ၏ (၁၀%) ဖြစ်သော အိမ်ထောင်စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏(၆၉%)ခန့်မှာ သူတစ်ပါးထံမှ မချေးငှားဘဲ သုံးလခန့်၊ (၂၃%)ခန့် သူတစ်ပါးထံမှ မချေးငှားဘဲ (၃)လမှ (၅)လခန့် နှင့် (၇%)ခန့်မှာ သူတစ်ပါးထံမှ မချေးငှားဘဲ (၆)လ မှ (၁၂)လအထိ နပ်မှန်အောင် စားသုံးနိုင်ကြောင်း တွေ့ရှိရပါသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ

(၁၀၀၀၀၀ိ/-)ကျပ်မှ (၅၀၀၀၀၀ိ/-)ကျပ်အထိ တင်ရှိနေကြသည်။ ချေးငွေအများစုကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူရရှိကြသည်။ ချေးငွေများကို အသုံးပြုပုံမှာ စားသုံးရန်၊ ရင်းနှီးမြုပ်နှံရန်နှင့် ကျန်းမာရေးကိစ္စရပ်များအတွက် အဓိကသုံးစွဲကြပြီး ဝင်ငွေရ အလုပ်အကိုင်များ၊ ပညာရေးတို့အတွက် ဒုတိယအနေအထားတွင် သုံးစွဲကြသည်။

## (ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာရှိ မူလတန်းလွန်ကျောင်းသည် (၁၂၀'x ၃၀') ကျောင်းဆောင်ဖြစ်ပြီး အမိုး၊ နံရံ၊ အခင်း အရည်အသွေးများ ကောင်းမွန်လျက် ရှိပါသည်။ ကျောင်းဆရာမဦးရေ (၆)ဦး ရှိပါသည်။ ကျေးရွာတွင်လက်ရှိပညာသင်ကြား နေသော ကျောင်းသား/ သူများမှာမူလတန်းတွင် ကျား(၁၉)ဦး၊ မ(၁၈)ဦး၊ စုစုပေါင်း(၃၇)ဦး၊ အလယ်တန်းတွင် ကျား(၉)ဦး ၊ မ (၁၂)ဦး၊ စုစုပေါင်း (၂၁)ဦး၊ အထက်တန်းတွင် ကျား(၄)ဦး၊ မ(၂)ဦး၊ စုစုပေါင်း (၆)ဦး၊ တက္ကသိုလ်တွင် ကျား(၁)ဦး၊ မ(၆)ဦး ၊ စုစုပေါင်း(၇)ဦး ရှိပါသည်။ မူလတန်းအရွယ်များပြီး အခြားကျောင်းနေအရွယ် နည်းပါးပါသည်။

အသက်မွေးဝမ်းကျောင်း ပညာသင်ယူနိုင်ခွင့် နည်းပါးခြင်းကြောင့် ကျွမ်းကျင်လုပ်သားနည်းပါး၍ အခြားနေရာများသို့ ဝင်ငွေနိမ့်အလုပ်များကိုသာ သွားရောက် လုပ်ကိုင်ရပါသည်။ ရပ်ရွာရှိမိရိုးဖလာ လယ်ယာလုပ်ငန်းခွင်ရှိသော်လည်း ရာသီအချိန်ကာလကန့်သန့်ဖြင့်သာ ဝင်ငွေနိမ့်ပါးစွာ လုပ်ကိုင်ရ၍ အလုပ်စဉ်ဆက် မပြတ်ရေးအတွက် စက်ရုံ၊ အလုပ်ရုံလုပ်ငန်းခွင်တွက် ကျွမ်းကျင်သော အလုပ်သမားများဖြစ်စေရန် အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများ ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ပါက များစွာ အဆင်ပြေနိုင်ပါသည်။

## (င) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာသည် သပြေကုန်းဆေးရုံနှင့် (၄)မိုင်ခန့်၊ ကျေးရွာအုပ်စု ကျေးလက် ဆေးပေးခန်းနှင့် (၂) မိုင်ခန့် ကွာဝေး၍ မြန်အောင်မြို့နယ် ဆေးရုံနှင့် (၃၀)မိုင်ကျော် ကွာဝေးပါသည်။ အုပ်စုကျေးလက်သားဖွားဆရာမ(၂)ဦးရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုများ အားလုံး ပုံမှန်ပြုလုပ်ပေးလျှက်ရှိပါသည်။

ကျေးရွာတွင် သွေးတိုး၊ ဝမ်းပျက် ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေး၊ ဆီးချို၊ အာဟာရချို့တဲ့မှု ရောဂါနှင့် အခြားကူးစက်ရောဂါများ ဖြစ်ပွားမှု နည်းပါးကြောင်း တွေ့ရပါသည်။ ငှက်ဖျားရောဂါ၊ အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါ၊ HIV၊ တီဘီရောဂါနှင့် အသည်းရောင်(ဘီ၊စီ)ရောဂါများ ဖြစ်ပွားမှုမရှိကြောင်း တွေ့ရပါသည်။ ကျေးရွာတွင် လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုများ ပုံမှန်ပြုလုပ်လျှက်ရှိပါသည်။

## (စ) ကျား-မဆိုင်ရာဆက်နွယ်မှု

ကျား-မ ဆိုင်ရာအခွင့်အရေးဖြင့် ကျေးရွာတွင် တန်းတူရရှိပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် တက်ညီလက်ညီ လုပ်ဆောင်ကြပါသည်။ ကျေးရွာရှိ တန်ဆောင်တိုင် မီးထွန်းပွဲ၊ သီတင်းကျွတ်မီးထွန်းပွဲ၊ သင်္ကြန်ပွဲတော်စသည့် ပွဲတော်များ ကျင်းပခြင်း၊ ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဆရာတော်၏ ဦးဆောင်မှုနှင့်ဂေါပကအဖွဲ့များ ပေါင်းစပ်၍ တရားစခန်းပွဲများ ကျင်းပကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခတန်းတူ မရရှိကြပါ။ ဒေသအတွင်း အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများအခန်းကဏ္ဍနည်းပါးသေးကြောင်း တွေ့ရပါသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးအထိ ကျား၊ မတန်းတူ အခွင့်အရေးရှိပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

## (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းအများစုနှင့်ဆိုင်သော သာရေး၊ နာရေးကိစ္စများတွင် ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ ဘုန်းတော်ကြီးကျောင်း ဂေါပကအဖွဲ့၊ စာသင်ကျောင်း၊ မိဘဆရာအသင်းအဖွဲ့၊ လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့၊ ပရဟိတအဖွဲ့ဖြစ်ပါသည်။ ကျေးရွာသည် မြို့နှင့် ကွာဝေးသောကြောင့် နွေရာသီတွင် မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးအသုံးပြုနည်းစနစ်များ ကောင်းစွာနားမလည်သောကြောင့် မီးဘေးအန္တရာယ်ကျရောက်ပါက ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်တတ်ပါသည်။ မြို့နယ်မီးသတ်ဦးစီးဌာန၊ ပြင်ပအဖွဲ့အစည်း၊ အခြားသောဌာနဆိုင်ရာများနှင့် ချိတ်ဆက်၍ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြဟောပြောပွဲများ ပြုလုပ်ပေးခြင်းဖြင့် မီးဘေးအန္တရာယ် ကျရောက်မှုများမှ ကာကွယ်နိုင်မည် ဖြစ်ပါသည်။ ကျေးရွာတွင် သာရေး၊ နာရေး၊ လူမှုရေး ကိစ္စကြီးငယ်ရှိလျှင် ဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်းရှိပါသည်။ အင်းဝတောင်ကျေးရွာအား ခြုံငုံသုံးသပ်ရလျှင် လူမှုရေးကိစ္စကြီးငယ်ဆောင်ရွက်လျှင် အားကောင်းကြပြီး ဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းစနစ် မရှိသေးပါ။

## (ခ) သီးနှံသားငါးထုတ်လုပ်ရေးကဏ္ဍ

အင်းဝတောင်ကျေးရွာတွင် အစေ့ထုတ်ပြောင်းတို့ကို အဓိက စိုက်ပျိုးကြသည်။ စိုက်ကေအဖြစ် ကေ(၁၂၀)ကေရှိပြီး၊ တစ်ကေလျှင် ပျမ်းမျှ (၁၀၀) တင်းခန့် ထွက်ရှိပါသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ အသင့်အတင့် ရရှိနိုင်ပြီး စိုက်ပျိုးရေး ပစ္စည်းကုမ္ပဏီများမှ တောင်သူများအတွက် ဝန်ဆောင်မှုများ အသင့်အတင့် ပေးပါသည်။ တောင်သူအများစုသည် လုပ်ငန်းခွင်တွင် အလုပ်သမားရှားပါးမှုနှင့် ပြည့်စုံ

လုံလောက်သော လုပ်အားခမပေးနိုင်ခြင်း ပြဿနာများ၊ ကုန်ကျစရိတ် မြင့်မားမှုတို့နှင့် ရင်ဆိုင်နေရပါသည်။ ကျေးရွာတွင် ဒေသထွက်မျိုးရင်းဖြစ်သော ဝက်၊ ဘဲ၊ ကြက်တို့ကိုသာ မွေးမြူကြပါသည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေး/ကုဦးစီးဌာန တို့မှ ရရှိနိုင်သော်လည်း ဝန်ထမ်းအင်အား မလုံလောက်မှုတို့ကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။ မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် မွေးမြူရေး လုပ်ငန်း တည်ထောင် တိုးချဲ့မှုရရှိရန် ချေးငွေကို အလွယ်တကူ မရရှိနိုင်ချေ။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းထုတ်ကုန်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရ လုပ်ငန်းများမှာ နေ့စားအလုပ်များ၊ ခေါင်းရွက်ဗျက်ထိုး၊ ဈေးရောင်းခြင်းနှင့် အစိုးရဝန်ထမ်းလုပ်ငန်းများ ဖြစ်ကြပါသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေ ကိုက်မှုနည်းပါးမှု အနေအထားတွင်ရှိသည်။ လက်လုပ်လက်စား လုပ်ငန်းများမှာ စိုက်ပျိုး ရာသီတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်း ကြောင့် တွက်ခြေကိုက်မှု နည်းပါးပါသည်။ ကျေးရွာတွင် အလုပ်လုပ်ကိုင်နေသော လူဦးရေ များပြားခြင်းသည် ကျေးရွာ၏ အလားအလာကောင်း တစ်ရပ်ဖြစ်သည်။ အသက်မွေးဝမ်း ကျောင်းသင်တန်းများအား တက်ရောက်နိုင်မှုနည်းပါးပါသည်။

## (ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် စပါးနှင့် အခြားသီးနှံစိုက်ခင်းများတွင် ပိုးသတ်ဆေးနှင့် ဓါတုဓာတ် မြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းနေပါသည်။ တောင်သူများ အနေဖြင့် ဘက်စုံစီမံခန့်ခွဲမှုတွင် ပလတ်စတစ် အိတ်ခွံ၊ ပုလင်းခွံ၊ ဘူးခွံ၊ ကော်နှင့် ဆက်စပ်သော ပစ္စည်းများအား စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ အင်းဝတောင်ကျေးရွာ သည် တောင်ကုန်းဒေသအပိုင်းတွင်တည်ရှိ၍ ရေကြီးမှုဒဏ် နှစ်စဉ် ခံစားရခြင်းမရှိပေ။ တောင်ကုန်းဒေသဖြစ်ခြင်း ကြောင့်လည်း မုန်တိုင်းဘေး အန္တရာယ်တို့ တစ်ခါတစ်ရံ ဖြစ်ပေါ် လေ့ရှိပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ

ကျေးရွာမှတောင်သူလယ်သမားများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ် ချေးပေးသော ချေးငွေကို တစ်လအတိုးနှုန်း (၀.၈၀)ကျပ်တိုးနှုန်း၊ ၁ ကေ(၁၅၀၀၀၀/-) ကျပ် နှုန်းဖြင့် အများဆုံး(၁၀)ကေအတွက် ချေးယူနိုင်ကြပါသည်။ ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေး ဆိုင်ရာ

ကိစ္စရပ်များအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲသော အိမ်ထောင်စု များ၏ အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက် အရ အကြွေးတင်ငွေ ပမာဏသည် (၁၀၀၀၀၀ိ/-) ကျပ်မှ (၅၀၀၀၀၀ိ/-) ကျပ် အထိရှိကြောင်း တွေ့ရှိရပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းဆောင် (၁၂၀'x၃၀') (၁)ဆောင်ရှိပြီး သွပ်မိုး၊ အုတ်နံရံကာ၊ အင်္ဂတေခင်းကျောင်းများဖြင့် ပညာသင်ကြားပေးသည်။ ကျေးရွာသားအားလုံး ရေးတတ်ဖတ်တတ်ကြသည်။ ကျေးရွာ ကျောင်းတက်နှုန်းမှာ အလယ်အလတ်အဆင့်သာ ရှိပါသည်။ ကျောင်းတွင် ဆရာမ စုစုပေါင်း(၆)ဦးနှင့် ကျောင်းသား/ သူပေါင်း (၇၁) ဦးတို့ဖြင့် ပညာသင်ကြားနေပါသည်။ ဆရာတပည့် အချိုးညီမျှသည်။ ကျောင်းဖွင့် ရာသီတွင် ကျောင်းသား/သူများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ပံ့ပိုး ပေးပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပါသည်။ ကျေးရွာအနီးတွင် ဆေးဆိုင်ရှိသော်လည်းဆေးဝါးများကို စနစ်တကျ သိုလှောင်ထားခြင်း မရှိပါ။ သောက်သုံးရေ အတွက် ရေတွင်း ၊ လက်နှိပ်ရေတုံကင်၊ အဝီစီစက်တပ်တွင်း များရှိ၍ ရေရရှိပြီး လုံလောက်မှု ရှိပါသည်။ တစ်ရွာလုံးတွင် အိမ်သာ (၁၁၇) လုံးရှိပြီး၊ ကွန်ကရစ်ခွေ၊ အုတ်၊ဝါးတိုင်ပတ်ဖြင့် လည်းကောင်း ဆောက်လုပ်သုံးစွဲကြပါသည်။ ကျန်းမာရေးအသိပညာ ဗဟုသုတများ အားနည်းကြောင်း တွေ့ရှိရပါသည်။ထို့ကြောင့် ယင်ကြောင့် ဖြစ်ပွားတတ်သော ရောဂါ ဖြစ်ပွားမှု ရံဖန်ရံခါ ဖြစ်ပွားပါသည်။ စာသင်ကျောင်းနှင့် ဘုန်းတော်ကြီး ကျောင်းများတွင် လုံလောက်သော အိမ်သာများ စနစ်တကျ ဆောက်လုပ်ထားကြောင်း တွေ့ရှိရပါသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

ကျေးရွာတွင် လူငယ်များအတွက် အပန်းဖြေအနားယူနိုင်သော နေရာသီးသန့် မရှိသော်လည်း ကျေးရွာပိုင် ဘောလုံးကွင်းရှိပါသည်။ လူငယ်များ အနေဖြင့် ဘာသာရေး ပွဲများနှင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက် ကြပါသည်။

## (ဇ) အခြေခံအဆောက်အဦ-လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာရှိ ရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများမှာ မြေသား လမ်းဖြစ်ပြီး၊ ထော်လာဂျီ၊ ဆိုင်ကယ်၊ စက်ဘီးများကို အသုံးပြု သွားလာကြပါသည်။ ကုန်းလမ်း ဆက်သွယ်ရေးအတွက် ဆိုင်ကယ် (၅၂)စီး၊ စက်ဘီး(၃၃)စီး၊ လှေ၊သမ္ဗာန်(၁၂)စီး၊ စက်လှေ (၂)စီးတို့ဖြင့် အသုံးပြုလျှက် ရှိပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးနှင့်ဆိုလာစနစ် ကိုအသုံးပြု ပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြား ဝန်ဆောင်မှုများ

အတွက် လက်လှမ်းမီအသုံးပြုနိုင်သည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှု အသင့်အတင့် ကောင်းမွန်ပြီး သတင်းအချက်အလက် ချိတ်ဆက်မှုများအတွက် များစွာအသုံးဝင်ပါသည်။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်၊ အမှုအခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ် အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေ သည်။ ကျေးရွာသူ/သားများသည် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိသေးပါ။ ကျေးရွာသူ/သား များသည် ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်မှုများ ပြုလုပ်နိုင်သောကြောင့် ကျေးရွာအတွင်း ရာဇဝတ်မှုများ နည်းပါးပါသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့် အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင် လူဦးရေအားလုံး၏ (၇၀%)မှ အလုပ်လုပ်နိုင်သည့် အရွယ်များ ဖြစ်ကြသည်။ ဘွဲ့ရအရေအတွက်အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှု အသက်မွေး ဝမ်းကျောင်းသင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြား ပေးခြင်းဖြင့် လူသားအရင်းအမြစ်ကို တိုးတက်ကောင်းမွန်စေပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေး အခြေအနေမှာ ယေဘူယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေး ပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုတို့လည်း အလွယ်တကူ လက်လှမ်းမီနိုင်ကြသည်။ ကျေးရွာသူ/သားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှု အတွက်လည်း အင်ပင်တိုက်နယ်ဆေးရုံသို့ သွားရောက်ဆေးကုသမှု ခံယူနိုင်သည်။ သဘာဝ အရင်းအမြစ်အနေဖြင့် လယ်ယာမြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာ အသင့်အတင့် ကောင်းမွန်သည်။ တောင်သူများသည် လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်နိုင်သည်။ မိုးရွာသွန်းမှုမှာ စပါးစိုက်ပျိုး ထုတ်လုပ်မှုအတွက် အထောက်အကူဖြစ်ပါသည်။ ကျေးရွာသည် ဟင်္သာတ-မြန်အောင်-ဆုံကုန်း လမ်းနှင့် နီးစပ်ပါသည်။ ဟင်္သာတ၊ မြန်အောင်၊ ပုသိမ်နှင့် ရန်ကုန်မြို့များသို့ ကားလမ်းဖြင့် ကူးသန်းသွားလာနိုင်သည်။ လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို တင်ပို့ရောင်းချ နိုင်ပါသည်။

မွေးမြူရေး ထွက်ကုန်များ ထုတ်လုပ်ရောင်းချရန်အတွက် နည်းပညာဆိုင်ရာ ပံ့ပိုးမှုများနှင့် စျေးကွက်ဖန်တီးမှုများကို ပြုလုပ်ပါက အထူးတိုးတက်လာနိုင်ပါသည်။ ကျေးရွာတွင် ရာဇဝတ်မှုများ နည်းသဖြင့် တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်ခြင်းကို ချောမွေ့ စေသည်။ ကျေးရွာသူ/ သားများသည် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို အသုံးပြု နိုင်ကြသဖြင့် လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်ပါသည်။ မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင် သည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာတွင် မြေဆီလြှာ အသင့်အတင့် ကောင်းမွန်သည်မှအပ အခြားသယံဇာတအရင်းအမြစ်များ ထွက်ရှိခြင်းမရှိပေ။ စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနှင့် ပတ်သက်ပြီး မြေလွတ်မြေရိုင်းများ ထပ်မံမတိုးချဲ့နိုင်သော်လည်း လက်ရှိမြေပေါ်တွင် ထုတ်လုပ်တိုးမြှင့်ရန်ဆောင်ရွက်ကြပါသည်။ သီးနှံများမှာ ရာသီဥတုဖောက်ပြန်ပါက ပိုးမွှားများကျရောက်သည့် အန္တရာယ်ကို ကြုံတွေ့ရပါသည်။

ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး စာသင်ကျောင်းမှာ ကြံ့ခိုင်မှုပိုင်းတွင် အားနည်းမှု ရှိပါသည်။ ကျေးလက်ကျန်းမာရေးဌာနရှိပြီး ဆေးဝါး လုံလောက်မှု မရှိသဖြင့် အရေးပေါ်ရောဂါများ ဖြစ်ပွားပါက မြန်အောင်မြို့နယ် ဆေးရုံသို့ သွားရောက်ကုသရသဖြင့် အချိန်ကြာမြင့်မှု ရှိပေသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့် (၅)နှစ် တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးခြင်း၊သက်မွေးပညာသင်တန်းများရရှိခြင်းမှ ဝင်ငွေ ရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထား တိုးတက်ရရှိလာစေရမည်။

(က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွါးရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာ အခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတစ်ဆင့် ဖွံ့ဖြိုးရေး စီမံခန့်ခွဲမှု ယန္တရား တိုးတက်လာရမည်။

(က.၄) ကျွန်ုပ်တို့ကျေးရွာရှိ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ကောင်းမွန်သော ဈေးကွက်ကြီးကိုဖန်တီး တည်ဆောက်မည်။

(က.၅) ကျွန်ုပ်တို့သည် ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးများကို ချမှတ်ပြီး ကျေးရွာပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်များကို ကာကွယ်စောင့်ရှောက်မည်။

(က.၆) ကျွန်ုပ်တို့သည် ခေတ်မီလယ်ယာများ ဖော်ထုတ်ပြီး အရေအသွေးမြင့်စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်မည်။

## (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ.၁) ကျေးရွာတွင် အရင်းအနှီးချေးငွေ၊ လယ်ယာသုံးစက်ကိရိယာများ ကျယ်ပြန့်စွာ အသုံးပြုနိုင်ရေးနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေး လုပ်ငန်းနှင့်ချေးငွေများအတိုးနှုန်းသက်သာစွာဖြင့် ပိုမိုရရှိစေရန်အတွက် မြို့နယ်ရှိဘဏ်များ၊ ပုဂ္ဂလိကရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာ များနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများ ရရှိပါကစိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ အတွက် ခွဲဝေချထားပေးမည်။

(ခ.၂) ကျွန်ုပ်တို့သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများတက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို ရွေးချယ်စီစဉ်ပေးရမည်။ ထိုသင်တန်းများသည်သင်တန်းသားများအတွက် ကျွမ်းကျင်မှု

များကို တိုးပွါးရရှိစေပြီးဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အထောက်အကူပြုပေမည်။

(ခ.၃) ကျေးရွာတွင် စံချိန်မီသော စာသင်ကျောင်းနှင့် ပရိဘောဂ အသုံးအဆောင် ပစ္စည်းများ အလုံအလောက်ရရှိအောင် ဆောင်ရွက်သွားမည်။

(ခ.၄) ကျေးရွာတွင် ရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းတို့ကို ကောင်းမွန်အောင် ဆောင်ရွက်သွားမည်။ ကျေးရွာလူမှု အဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေး ဆောင်ရွက်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းရမည့်ကိစ္စများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ် ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စစ်ဆေးခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာ အထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံး အတည်ပြု ထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏ ပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် စပါး၊ မတ်ပဲ ရာသီပေါ်သီးနှံများ အဖြစ် စိုက်ပျိုးပါသည်။ သို့သော် ယာလုပ်သား ရှားပါးလာမှုနှင့်အတူ ရာသီဥတု ဖောက်ပြန်လာမှု

တို့ကြောင့် ယာလုပ်ငန်းခွင် အချိန်မီပြီးစီးရန် အနည်းငယ်အခက်အခဲ တွေ့ကြုံရတတ်ပေသည်။ စိုက်ပျိုးနိုင်သော မြေနေရာများရှိပြီး ဝင်ငွေကောင်းမွန်သော စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် နည်းပညာနှင့် ဈေးကွက်ဖော်ဆောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာနများနှင့် ပြည်သူလူထု ပူးပေါင်းဆောင်ရွက်သင့် ပါသည်။

**(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများဖန်တီးပေးခြင်း**

အင်းဝတောင်ကျေးရွာတွင် လူငယ်အချို့အား ၎င်းတို့ဘဝတိုးတက်ရာ အာမခံချက်ပေးနိုင်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာများ ရရှိအောင်ချိတ်ဆက်ကူညီ ဆောင်ရွက်မှုများ ပြုလုပ်သင့်သည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများ အဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များသို့ ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိက သော့ချက်များ ဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့် ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှု မရှိနိုင်ပါ။

ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလစီမံချက်များ အတွက် မျှော်မှန်းရေးဆွဲ ထားနိုင်ကြသော်လည်း ငါးနှစ်တာကာလ တစ်လျှောက် လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွား ကြပါမည်။

သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝ ဘေးအန္တရာယ်ကဲ့သို့ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများ ဆိုသလို ပြောင်းလဲမှု မရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မှုဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွား ကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံချက်ဆိုင်ရာ အချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီးအုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ် မှတ်ခြင်း(Functional classification)ဖြင့်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင် ရာလုပ်ငန်းများ အလိုက်ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွါးရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း အသုံးစရိတ်၊ စွမ်းဆောင်ရည် မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း (Functional classification) ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန် များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိစေနိုင်သည်။

**၉။ နှစ်အလိုက်ဦးစားပေး စီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ**

**(က) ဦးစားပေး စီမံချက်များ**

| စဉ် | စီမံချက်လုပ်ငန်းအမည် | ရမှတ်စုစုပေါင်း | အဆင့် |
|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းကွန်ကရစ်ဘောင်ပြုလုပ်ခြင်းနှင့်ချောင်းကျောက်ခင်းခြင်း | ၅၀ | ၁ |
| ၂ | ကျေးလက်ဆေးပေးခန်း | ၄၅ | ၂ |
| ၃ | စိုက်ပျိုးရေးအသိပညာပေးသင်တန်းဖွင့်လှစ်ခြင်း | ၃၅ | ၃ |
| ၄ | စာကြည့်တိုက်ဆောက်လုပ်ခြင်း | ၃၀ | ၄ |
| ၅ | ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း | ၂၀ | ၅ |

**(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

| စဉ် | စီမံချက် လုပ်ငန်းအမည် | ဦးစားပေး | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ | ၂၀၂၇ |
|---|---|---|---|---|---|---|---|

| | | **အဆင့်** | | | | | |
|---|---|---|---|---|---|---|---|
| ၁ | ကွန်ကရစ်ဘောင်ပြုလုပ်ခြင်းနှင့် ချောင်းကျောက်ခင်းခြင်း | ၁ | √ | | | | |
| ၂ | ကျေးလက်ဆေးပေးခန်း | ၂ | | √ | | | |
| ၃ | စိုက်ပျိုးရေးအသိပညာပေးသင်တန်းဖွင့် လှစ်ခြင်း | ၃ | | | √ | | |
| ၄ | စာကြည့်တိုက်ဆောက်လုပ်ခြင်း | ၄ | | | | √ | |
| ၅ | ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း | ၅ | | | | | √ |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

### (က) အင်းဝတောင်ကျေးရွာ၊သပြေကုန်းကျေးရွာအုပ်စု ၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးကျော်မိုးထက် | ဦးအောင်လွင် | ၁၄/မအန(နိုင်) ၁၅၀၅၄၈ | ၅၄ | ဥက္ကဋ္ဌ | ၀၉-၂၅၃၃၃၂၅၄၄ |
| ၂ | ဦးအောင်ဇော်ဇော် | ဦးထွန်းရွှေ | ၁၄/မအန(နိုင်) ၁၄၄၉၅၂ | ၅၂ | (ဝယ်ယူရေး)ဥက္ကဋ္ဌ | ၀၉-၂၅၂၆၃၀၂၈၄ |
| ၃ | ဦးသန့်ဝေအောင် | ဦးလှမောင် | ၁၄/မအန(နိုင်) ၀၁၇၇၁၅ | ၅၀ | ဘဏ္ဍာရေးမှူး | |
| ၄ | ဦးခင်ဇော်ဝင်း | ဦးဝင်းတင် | ၁၄/မအန(နိုင်) ၀၂၁၁၂၈ | ၅၉ | အတွင်းရေးမှူး | |
| ၅ | ဒေါ်နေဇာအောင် | ဦးမောင်ရီ | ၁၄/မအန(နိုင်) ၀၂၆၂၉၅ | ၃၀ | စာရင်းကိုင် | |
| ၆ | ဒေါ်နှင်းစန္ဒာမွန် | ဦးရွှေကျော် | ၁၄/မအန(နိုင်) ၁၅၄၈၇၁ | ၂၈ | အဖွဲ့ဝင် | |
| ၇ | ဒေါ်ချိုချိုနွယ် | ဦးဖိုးလူ | ၁၄/မအန(နိုင်) ၀၂၀၇၉၆ | ၄၅ | အဖွဲ့ဝင် | |

## (ခ) ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆက်

## ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေ<br>ကောင်းများ | အဟန့်အတားနှင့်<br>စိန်ခေါ်မှု | ဖြေရှင်းမည့်<br>နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်<br>လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | မိုးရာသီကာတွင်<br>သွားလာရေးခက်ခဲခြင်း | မူလလမ်းအား<br>အဆင့်မြှင့်တင်ရန်<br>လိုအပ်ခြင်း | ကျေးရွာလူထုမှ<br>လုပ်အားပါဝင်ဆောင်<br>ရွက်နိုင်ခြင်း | နည်းပညာနှင့်ငွေကြေး<br>အခက်အခဲရှိခြင်း | သက်ဆိုင်ရာဦးစီးဌာန<br>သို့အကူအညီတင်ပြ<br>ေ ောင်းခံခြင်း | ကျေးရွာတွင်းလမ်း<br>ကွန်ကရစ်ဘောင်ပြု<br>လုပ်ခြင်းနှင့်ချောင်းကေ<br>ျာေက်ခင်းခြင်း |
| ၂ | ကျေးရွာတွင်<br>ကျန်းမာရေး<br>ဗဟုသုတနည်းပါးခြင်း | ကျေးလက်ဆေးပေးခန်း<br>မရှိခြင်း | ကျေးရွာတွင်<br>ဆေးပေးခန်း<br>ဆောက်လုပ်ရန်<br>မြေနေရာရှိခြင်း | နည်းပညာနှင့်ငွေကြေး<br>အခက်အခဲရှိခြင်း | သက်ဆိုင်ရာဦးစီးဌာန<br>သို့အကူအညီတင်ပြ<br>ေ ောင်းခံခြင်း | ကျေးလက်ဆေးပေး<br>ခန်းဆောက်လုပ်ခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| ၃ | စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သော်လည်း စိုက်ပျိုးရေး အသိပညာအားနည်းခြင်း | စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သော်လည်း စိုက်ပျိုးရေး အသိပညာ အားနည်းခြင်း | ကျေးရွာတွင် သင်တန်းဖွင့်လှစ်ရန် နေရာရှိခြင်း | နည်းပညာနှင့်ငွေကြေး အခက်အခဲရှိခြင်း | သက်ဆိုင်ရာဦးစီးဌာန သို့အကူအညီတင်ပြ ေတာင်း ခံခြင်း | စိုက်ပျိုးရေးအသိ ပညာပေးသင်တန်း ပြုလုပ်ခြင်း |
| ၄ | ကျေးရွာတွင် ဗဟုသုတ နည်းပါးခြင်း | ကျေးရွာစာကြည့်တိုက် မရှိခြင်း | ကျေးရွာသူ/သားများမှ လှေ့လာလိုစိတ်ရှိခြင်း | ငွေကြေးအခက်အခဲရှိ ခြင်း | သက်ဆိုင်ရာဦးစီးဌာန သို့အကူအညီတင်ပြ ေတာင်းခံခြင်း | စာကြည့်တိုက် ဆောက်လုပ်ခြင်း |
| ၅ | ကျေးရွာ၏သာရေး/ နာရေး၊ အစည်းအဝေး များပြုလုပ်ရန် အဆောက်အဦမရှိခြင်း | ကျေးရွာ၏ သာရေး /နာရေး၊အစည်းအဝေး များပြုလုပ်ရန် အဆောက်အဦလိုအပ် ခြင်း | ကျေးရွာလုပ်သားအင် အားပါဝင်ဆောင်နိုင် ခြင်း | ငွေကြေးအခက်အခဲ ရှိခြင်း | သက်ဆိုင်ရာဦးစီးဌာန သို့အကူအညီတင်ပြ ေတာင်းခံခြင်း | ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်း |

**နောက်ဆက်တွဲ (၂)**

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၅ | ၁ | ၆ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၂ | ၇ | ၁၉ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၂ | ၂၃ | ၄၅ |
| ၁၀ နှစ်မှ၁၄နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၆ | ၁၂ | ၂၈ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၄၃ | ၁၆၃ | ၃၀၆ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၅ | ၂၀ | ၃၅ |
| **စုစုပေါင်း** | | **၂၁၃** | **၂၂၆** | **၄၃၉** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၃၀** | | |

**ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။**

**လေ့လာတွေ့ရှိချက်။** ။ အင်းဝတောင်ကျေးရွာတွင် အိမ်ထောင်စု **(၁၃၀)** စု၊ လူဦးရေ **(၄၃၉)**ဦးရှိပါသည်။ အင်းဝတောင်ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့အရွယ်နှင့် ၅နှစ် အောက်ကလေးအရွယ်**(၅.၇%)**၊ မူလတန်းကျောင်းသားအရွယ် **(၁၀.၂၅%)**၊ အလယ်တန်း ကျောင်းသားအရွယ် **(၆.၃၈%)**၊ အလုပ်လုပ်နိုင်သည့်အရွယ် **(၆၉.၇၀%)**၊ သက်ကြီးရွယ်ကြီးအရွယ် **(၇.၉၇%)**ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ် နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ **(၂၂.၃၂)%** ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား **(၁၅၈)** ဦး၊ မ**(၁၈၃)**ဦး စုစုပေါင်း**(၃၄၁)** ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ **(၇၇.၆၈)%** ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်း အမြစ်ကောင်းများအဖြစ်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်ထောက်ပံ့မှု ပေးနိုင်ပါသည်။

## (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရလုပ်ငန်း မဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၂ | ၇၂ | - | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၈၈ | ၁၄၁ | - | မြင့် ☐ လတ် နိမ့် ☐✓ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ဝန်ထမ်း | | | | |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၂ | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
